# နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး
# အခြေခံမူများဆိုင်ရာ ကြေညာစာတမ်း

## နှင့်

# နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ
# လိုက်နာရမည့်ကျင့်ဝတ်စည်းမျဉ်း

၂၀၀၅ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့တွင် နယူးယောက်မြို့၊ ကုလသမဂ္ဂရုံးချုပ်၌
ဤကြေညာစာတမ်းအား တရားဝင်ထုတ်ပြန်သည်။

# နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အခြေခံမူများဆိုင်ရာ ကြေညာစာတမ်း

# နှင့်

# နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ လိုက်နာရမည့် ကျင့်ဝတ်စည်းမျဉ်း

၂၀၀၅ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့တွင် နယူးယောက်မြို့၊ ကုလသမဂ္ဂရုံးချုပ်၌ ဤကြေညာစာတမ်းအား တရားဝင်ထုတ်ပြန်သည်။

**၂၀၀၅ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့အထိ အတည်ပြုထောက်ခံချက်ပေးထားကြသော အဖွဲ့အစည်းများ**

African Union
Asian Network for Free Elections (ANFREL)
The Carter Center
Center for Electoral Promotion and Assistance (CAPEL)
Commonwealth Secretariat
Council of Europe European Commission for Democracy through Law (Venice Commission)
Council of Europe – Parliamentary Assembly
Electoral Institute of Southern Africa (EISA)
European Commission
European Network of Election Monitoring Organizations (ENEMO)
Electoral Reform International Services (ERIS)
IFES
International IDEA
Inter-Parliamentary Union
International Republican Institute (IRI)
National Democratic Institute (NDI)
Organization of American States (OAS)
Organization for Security and Cooperation in Europe, Office of Democratic Institutions and Human Rights (OSCE/ODIHR)
Pacific Islands, Australia & New Zealand Electoral Administrators' Association (PIANZEA)
Pacific Island Forum
Southern African Development Community Parliamentary Forum (SADC-PF)
United Nations Secretariat

United States Association of Former Members of Congress (USAFMC)

*အခြားသော နိုင်ငံတကာအစိုးရအဖွဲ့ အစည်းများနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့ အစည်းများအနေဖြင့် ဤကြေညာစာတမ်းနှင့်တကွ ယင်းနှင့်အတူ ပူးတွဲပါဝင်သော နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ လိုက်နာရမည့် ကျင့်ဝတ်စည်းမျဉ်း ကိုအတည်ပြုထောက်ခံချက်ပေးရန် လမ်းဖွင့်ထားပါသည်။*

*အတည်ပြုထောက်ခံချက်ပေးခြင်းအား ကုလသမဂ္ဂရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေးဌာန၌ ဆောင်ရွက်နိုင်ပါသည်။*

# နိုင်ငံတကာ
# ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး
# အခြေခံမူများဆိုင်ရာ ကြေညာစာတမ်း

၂၀၀၅ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်

စစ်မှန်သည့်  ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲများသည် နိုင်ငံ့ပြည်သူလူထုက ပိုင်ဆိုင်သော အချုပ်အခြာအာဏာ၏ ပြယုဂ်ဖြစ်ပြီး ပြည်သူလူထုက လွတ်လပ်စွာ ထုတ်ဖော်ထားသော သဘောဆန္ဒသည် အစိုးရ၏ အခွင့်အာဏာနှင့် တရားဝင်ဖြစ်မှုတို့၏ အခြေခံအုတ်မြစ်ပင် ဖြစ်သည်။  ကာလအပိုင်းအခြားလိုက် ကျင်းပသော စစ်မှန်သည့်ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲများတွင် နိုင်ငံသားများ၏ ဆန္ဒမဲပေးခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်တို့ သည် နိုင်ငံတကာတွင် အသိအမှတ်ပြုထားသော လူ့အခွင့်အရေးများ ဖြစ်ကြသည်။ စစ်မှန သည့်   ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲများသည် နိုင်ငံတစ်နိုင်ငံရှိ နိုင်ငံရေးအာဏာယှဉ်ပြိုင်မှုကို ငြိမ်းချမ်းစွာ ဖြေရှင်းပေးနိုင်လေရာ ၎င်းတို့သည် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးတို့ကို ထိန်းသိမ်းရာ၌ အခရာကျသည်။ စစ်မှန်သည့် ဒီမိုကရေစီရွေးကောက်ပွဲများမှတစ်ဆင့် အစိုးရများ၏ တရားဝင်မှုတည်စေသောအခါ ဒီမိုကရေစီနှင့်သွေဖယ်လျက် အာဏာရယူရန်ကြိုးပမ်းသည့် အတိုင်းအတာမှာ လျော့နည်းသွားသည်။

စစ်မှန်သည့် ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲများသည် ဒီမိုကရေစီနည်းကျ စီမံအုပ်ချုပ်မှုခရီးလမ်း၏ မရှိမဖြစ်ယာဉ်ရထားတစ်စင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်ပြည်သူများအနေဖြင့် ၎င်းတို့ကို ကိုယ်စားပြုပြီး ၎င်းတို့၏ အကျိုးကို ရှေးရှုလျက် အုပ်ချုပ်စေရန်အတွက် မည်သူ့ထံ၌ တရားဝင်မှုရှိသင့်ကြောင်းနှင့်စပ်လျဉ်း၍ စစ်မှန်သည့် ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲများမှတစ်ဆင့် လွတ်လပ်စွာ ထုတ်ဖော်ပြသနိုင်သောကြောင့်ဖြစ်သည်။ စစ်မှန်သည့် ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲများ ကျင်းပခြင်းဆိုသည်မှာ ဒီမိုကရေစီနည်းကျ စီမံအုပ်ချုပ်မှု၏ လုပ်ငန်းစဉ်များနှင့် အင်စတီကျူးရှင်းများကို ကျယ်ကျယ်ပြန့်ပြန့် တည်ဆောက်ခြင်း၏ တစ်စိတ်တစ်ပိုင်းပင်ဖြစ်သည်။   ထို့ကြောင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်အားလုံးသည် စစ်မှန်သော ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲများအတွက် ချမှတ်ထားသည့် ကမ္ဘာလုံးဆိုင်ရာ အခြေခံမူများနှင့် ထင်ဟပ်ကိုက်ညီသင့်သည့်နည်းတူ ရွေးကောက်ပွဲများကို ၎င်းတို့အား ကျင်းပပြုလုပ်ရာနေရာရှိ နိုင်ငံရေး၊ ယဉ်ကျေးမှုနှင့် သမိုင်းကြောင်းအခင်းအကျင်းများနှင့် တကွဲတပြားဆောင်ရွက်၍ မရနိုင်ပါ။

မသန်စွမ်းဖြစ်မှုအပါအဝင် လူမျိုး၊ အသားအရောင်၊ လိင်ဖြစ်တည်မှု၊ ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှု၊ နိုင်ငံရေးခံယူချက် (သို့) အခြားခံယူချက်၊ နိုင်ငံသားဇာစ်မြစ် (သို့) လူမှုရေးဇာစ်မြစ်၊ ပိုင်ဆိုင်မှုပစ္စည်း၊ မွေးဖွားမှုအခြေအနေ (သို့) အခြားအခြေအနေ စသည်တို့ကို အကြောင်းပြု၍ ခွဲခြားဆက်ဆံခြင်းမှကင်းပြီး

အာဏာရှင်ဆန်သော၊ ကျိုးကြောင်းဆီလျော်မှုမရှိသော ကန့်သတ်ချက်များမရှိဘဲ အခြားအခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်အမျိုးမျိုးကို စဉ်ဆက်မပြတ် ကျင့်သုံးနိုင်ခြင်းမရှိပါက စစ်မှန်သော ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲများကို အောင်မြင်စွာ ကျင်းပနိုင်မည်မဟုတ်ပါ။ ယင်းထက်ကျယ်ပြန့်စွာဆိုရသော် အခြားသော လူ့အခွင့်အရေးများနှင့် ဒီမိုကရေစီစနစ်တို့ကဲ့သို့ပင် ၎င်းတို့ကို တရားဥပဒေစိုးမိုးမှု၏ အကာအကွယ်မပါဘဲ အထမြောက် အောင်မြင်စေရန် မဖြစ်နိုင်ပါ။ ဤသဘောတရားများကို လူ့အခွင့်အရေးစာချုပ်များ၊ အခြားနိုင်ငံတကာစာချုပ်များနှင့် မြောက်မြားစွာသော နိုင်ငံတကာအစိုးရအဖွဲ့အစည်းများ၏ စာချုပ်စာတမ်းများ၌ အသိအမှတ်ပြုထားသည်။ သို့ဖြစ်၍ စစ်မှန်သည့် ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲများကို အောင်မြင်စွာ ကျင်းပနိုင်ခြင်းသည် နိုင်ငံတွင်း အင်စတီကျူးရှင်းများ၊ နိုင်ငံရေးယှဉ်ပြိုင်သူများ၊ နိုင်ငံသားများနှင့် အရပ်ဘက်အဖွဲ့အစည်းများက အလေးထားရသည့်အရေးကိစ္စဖြစ်သကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်းများကပါ အလေးထားအာရုံစိုက်ရသည့် အရေးကိစ္စဖြစ်လာပါသည်။

နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်းဆိုသည်မှာ လူ့အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို လေးစားလိုက်နာခြင်းအပါအဝင် ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်မှုအပေါ် နိုင်ငံတကာအသိုက်အဝန်း၏ စိတ်ပါဝင်စားမှုကို ဖော်ပြခြင်းဖြစ်သည်။ နိုင်ငံသားအခွင့်အရေးများနှင့် နိုင်ငံရေးအခွင့်အရေးများ ရရှိစေရေးကို အလေးထားဆောင်ရွက်သည့် နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမှုသည် နိုင်ငံတကာ လူ့အခွင့်အရေးလေ့လာစောင့်ကြည့်မှု၏ တစ်စိတ်တစ်ပိုင်းဖြစ်ကာ ၎င်းကို နိုင်ငံအဆင့် နိုင်ငံရေးယှဉ်ပြိုင်သူများနှင့်ပတ်သက်သည့် သမာသမတ်ကျမှုဆိုင်ရာ အမြင့်ဆုံး စံချိန်စံညွှန်းများအပေါ် အခြေတည်ဆောင်ရွက်ရမည်ဖြစ်ပြီး သမာသမတ်ကျမှုကို ထိခိုက်စေနိုင်သည့် အစုအဖွဲ့နှစ်ခု (သို့) အစုအဖွဲ့ပေါင်းစုံနှင့် သဘောတူဆွေးနွေးထားခြင်းတို့မှ ကင်းဝေးစေရမည်ဖြစ်သည်။ ၎င်းသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို စစ်မှန်သော ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲများအတွက် ချမှတ်ထားသည့် နိုင်ငံတကာအခြေခံမူများ၊ ပြည်တွင်းဥပဒေများနှင့်အညီ ဆန်းစစ်ခြင်းဖြစ်ပြီး ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ ယုံကြည်စိတ်ချရမှုနှင့် တရားဝင်ဖြစ်မှုတို့အား နောက်ဆုံးအဆုံးအဖြတ်ပေးမည့်သူမှာ နိုင်ငံ၏ ပြည်သူလူထုဖြစ်ကြောင်း အသိအမှတ်ပြုသည်။

နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမှုသည် ရွေးကောက်ပွဲတွင် မှုမမှန်မှုများနှင့် မသမာမှုများကို ဟန့်တား၊ ထုတ်ဖော်ပြောဆိုခြင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ တိုးတက်မှုရှိစေရေးအတွက် အကြံပြုချက်များပေးခြင်းဖြင့်သော်လည်းကောင်း ယင်းရွေးကောက်ပွဲလုပ်ငန်းစဉ်များ၏ ဖြောင့်မတ်မှန်ကန်မှုကို မြှင့်တင်ပေးနိုင်ပါသည်။ ၎င်းသည် ရွေးကောက်ပွဲအပေါ် အများပြည်သူ၏ ယုံကြည်စိတ်ချမှုနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုတို့ကို အာမခံထားသည့်အတိုင်း မြှင့်တင်ပေးနိုင်ပြီး ရွေးကောက်ပွဲဆိုင်ရာ ပဋိပက္ခများ ပေါ်ပေါက်နိုင်ခြေကိုလည်း

လျော့နည်းစေနိုင်ပါသည်။ ထို့ပြင် ဒီမိုကရေစီ ဖွံ့ဖြိုးတိုးတက်မှုနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များနှင့် အတွေ့အကြုံများအား မျှဝေခြင်းဖြင့် နိုင်ငံတကာ၏ နားလည်သိရှိမှုကို တိုးမြှင့်ပေးနိုင်သည်။

နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်းကို ကမ္ဘာတစ်ဝန်း၌ ကျယ်ပြန့်စွာ လက်ခံလာကြပြီး ထိုသို့စောင့်ကြည့်လေ့လာခြင်းသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအား တိကျမှန်ကန်ပြီး သမာသမတ်ကျစွာ ဆန်းစစ်ရာ၌ အရေးကြီးသည့် တစ်ထောင့်တစ်နေရာမှ ပါဝင်ပါသည်။ တိကျမှန်ကန်ပြီး သမာသမတ်ကျသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမှု ပြုလုပ်ရာတွင် ယုံကြည်စိတ်ချရသော နည်းစနစ်များအပြင် နိုင်ငံ့အာဏာပိုင်များ၊ နိုင်ငံအဆင့် နိုင်ငံရေးယှဉ်ပြိုင်သူများ (နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများ၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲများတွင် အဆိုပြုချက်များအား ထောက်ခံအားပေးသူများ)၊ ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသည့်အဖွဲ့အစည်းများနှင့် အခြားသော ယုံကြည်စိတ်ချရသည့် နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အဖွဲ့အစည်းများ စသည်တို့နှင့် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါသည်။

ထို့ကြောင့် ဤကြေညာစာတမ်းနှင့်တကွ ယင်းနှင့်အတူ ပူးတွဲပါရှိသော နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ လိုက်နာရမည့် ကျင့်ဝတ်စည်းမျဉ်းကို အတည်ပြုထောက်ခံထားသည့် နိုင်ငံတကာ အစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများက အောက်ပါအချက်များကို ပူးတွဲကြေညာချက်ထုတ်ပြန်လိုက်သည်။

၁။ စစ်မှန် သည့် ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲများသည် နိုင်ငံ့ပြည်သူလူထုက ပိုင်ဆိုင်သော အချုပ်အခြာအာဏာ၏ ပြယုဂ်ဖြစ်ပြီး ပြည်သူလူထုက လွတ်လပ်စွာ ထုတ်ဖော်ထားသော သဘောဆန္ဒသည် အစိုးရ၏ အခွင့်အာဏာနှင့် တရားဝင်ဖြစ်မှုတို့၏ အခြေခံအုတ်မြစ်ပင် ဖြစ်သည်။ ကာလအပိုင်းအခြားအလိုက်ကျင်းပသော စစ်မှန် သည့် ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲများတွင် နိုင်ငံသားများ၏ ဆန္ဒမဲပေးခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်တို့ ရှိစေရေးသည် နိုင်ငံတကာမှ အသိအမှတ်ပြုထားသော လူ့အခွင့်အရေးများ ဖြစ်ကြသည်။ စစ်မှန် သည့် ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲများသည် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးတို့ကို ထိန်းသိမ်းရာ၌ အခရာကျပြီး ဒီမိုကရေစီနည်းကျ စီမံအုပ်ချုပ်ရေး၏ လုပ်ပိုင်ခွင့်အား ဖန်တီးပေးသည်။

၂။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း၊ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်နှင့် အခြားသော နိုင်ငံတကာစာချုပ်များအရ လူတိုင်းသည် နိုင်ငံတကာ လူ့အခွင့်အရေးအခြေခံမှုများက တားမြစ်ထားသည့် ခွဲခြားဆက်ဆံမှုများနှင့် ကျိုးကြောင်းခိုင်လုံမှု မရှိသည့် ့်သည့် ကန့်သတ်ခံရမှုများ မရှိဘဲ မိမိတို့နိုင်ငံ၏ အစိုးရနှင့်အများပြည်သူဆိုင်ရာ အရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိပြီး ၎င်းတို့ကို ပါဝင်ဆောင်ရွက်နိုင်စေမည့် အခွင့်အလမ်းလည်း

ရရှိစေရမည်ဖြစ်သည်။ ယင်းအခွင့်အရေးကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲများတွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်တင်မြှောက်ခံ အမတ်နေရာများ၌ ကိုယ်စားပြုပါဝင်ခြင်းဖြင့်သော်လည်းကောင်း၊ အခြားနည်းလမ်းများဖြင့်သော်လည်းကောင်း တိုက်ရိုက်အသုံးချနိုင်သကဲ့သို့ မိမိတို့အား ကိုယ်စားပြုမည့် ကိုယ်စားလှယ်များကို လွတ်လပ်စွာ ရွေးချယ်ခြင်းဖြင့်လည်းအသုံးချနိုင်သည်။

၃။ နိုင်ငံအတွင်းရှိ ပြည်သူ့သဘောဆန္ဒသည် အစိုးရ၏ လုပ်ပိုင်ခွင့်အာဏာအတွက် အခြေခံအုတ်မြစ်ဖြစ်ပြီး ထိုသဘောဆန္ဒကို စစ်မှန်၍ ကာလအပိုင်းအခြားအလိုက်ကျင်းပသော ရွေးကောက်ပွဲများဖြင့် တိုင်းတာရမည် ဖြစ်သည်။ အဆိုပါရွေးကောက်ပွဲများသည် အရွယ်ရောက်ပြီးသူတိုင်း မဲပေးပိုင်ခွင့်ရှိကာ မဲတန်ဖိုးများညီမျှသည့် လျှို့ဝှက်မဲပေးစနစ်ဖြင့်သော်လည်းကောင်း၊ ၎င်းနှင့်ညီမျှသည့် အခြား လွတ်လပ်စွာ မဲပေးနိုင်သည့် လုပ်ထုံးလုပ်နည်းများဖြင့်သော်လည်းကောင်း  လွတ်လပ်စွာ ဆန္ဒမဲပေးနိုင်ပြီး မျှတစွာ ရွေးကောက်တင်မြှောက်ခံနိုင်စေမည့် အခွင့်အရေးများနှင့် အခွင့်အလမ်းများကို အာမခံဖန်တီးပေးသော ရွေးကောက်ပွဲများဖြစ်သည်။ အဆိုပါ ရွေးကောက်ပွဲများ၏ မဲရလဒ်များကိုလည်း တိကျမှန်ကန်စွာရေတွက်ခြင်း၊ ကြေညာခြင်း၊ လေးစားလိုက်နာခြင်းတို့ ပြုလုပ်ပါသည်။ သို့ဖြစ်၍ စစ်မှန်သော ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲများကို အထမြောက်အောင်မြင်စေရေးအတွက် မြောက်မြားစွာသော အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များ၊ လုပ်ငန်းစဉ်များ၊ ဥပဒေများနှင့် အင်စတီကျူးရှင်းများ  ပါဝင်သည်။

၄။ နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမှုဟူသည် ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် ဥပဒေများ၊ လုပ်ငန်းစဉ်များ၊ အင်စတီကျူးရှင်းများအကြောင်း၊ ၎င်းတို့နှင့် ပတ်သက်သည့် သတင်းအချက်အလက်များနှင့် ယေဘုယျ ရွေးကောက်ပွဲဝန်းကျင်ဆိုင်ရာ အကြောင်းအချက်များကို အဘက်ဘက်မှ စနစ်တကျနှင့် တိကျမှန်ကန်စွာ စုဆောင်းခြင်း၊ အဆိုပါသတင်းအချက်အလက်များကို သမာသမတ်ကျပြီး ပညာရှင်ပီသစွာ စိတ်ဖြာလေ့လာခြင်းနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၏ ဝိသေသကို သတင်းအချက်အလက်များ၏ တိကျမှန်ကန်မှုနှင့် စိတ်ဖြာလေ့လာချက်၏ သမာသမတ်ကျမှုဆိုင်ရာ အမြင့်ဆုံး စံချိန်စံညွှန်းများအပေါ် အခြေတည်၍ သုံးသပ်ခြင်းတို့ဖြစ်သည်။ နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမှု၌ ရွေးကောက်ပွဲနှင့်တကွ သက်ဆိုင်ရာလုပ်ငန်းစဉ်များ၏ ဖြောင့်မတ်မှန်ကန်မှုနှင့် ထိရောက်မှုတို့ကို မြှင့်တင်ရန်အတွက် လိုအပ်သလို အကြံပြုချက်များပေးသင့်ပြီး အဆိုပါလုပ်ငန်းစဉ်များကို ဟန့်တားခြင်းနှင့် ဟန့်တားမှုကြောင့် နှောင့်နှေးစေခြင်းတို့ မဖြစ်သင့်ပါ။ နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမှုဆိုင်ရာ တာဝန်များဆိုသည်မှာ

နိုင်ငံတကာအစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ က  နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမှုကို ဆောင်ရွက်ရန် စုစည်းကြိုးပမ်းအားထုတ်ခြင်းဖြစ်သည်။

၅။ နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမှုပြုလုပ်ရာတွင် ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲနေ့နှင့် ရွေးကောက်ပွဲနှောင်းပိုင်းကာလများကို နည်းစနစ်အမျိုးမျိုးအသုံးချလျက် အဘက်ဘက်မှ ကာလရှည်စောင့်ကြည့်လေ့လာခြင်းဖြင့် အကဲဖြတ်သုံးသပ်သည်။ အဆိုပါဆောင်ရွက်မှုများ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် အထူးစောင့်ကြည့်လေ့လာရေးအဖွဲ့များသည် ရွေးကောက်ပွဲအကြိုကာလ (သို့) ရွေးကောက်ပွဲနှောင်းပိုင်းကာလဆိုင်ရာ အရေးကိစ္စများနှင့် လုပ်ငန်းစဉ်အချို့ (ဥပမာ ရွေးကောက်ပွဲမဲဆန္ဒနယ်များ သတ်မှတ်ခြင်း၊ မဲဆန္ဒရှင်မှတ်ပုံတင်မှုများ၊ အီလက်ထရောနစ်စနစ်များကို အသုံးချမှု၊ ရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် တိုင်ကြားရေးယန္တရားများ) ကို  စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ကောင်းပြုလုပ်နိုင်သည်။ သီးသန့် အထူးစောင့်ကြည့်လေ့လာရေးအဖွဲ့များက  ၎င်းတို့၏ လုပ်ဆောင်ချက်များနှင့် သုံးသပ်ချက်များ၏ နယ်ပယ်အတိုင်းအတာသည် အကန့်အသတ်ရှိကြောင်းနှင့် အဆိုပါအကန့်အသတ်ရှိသည့် လုပ်ဆောင်ချက်များအပေါ် အခြေပြု၍ ယေဘုယျရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်ခုလုံးအား သုံးသပ်မှုပြုလုပ်မည်မဟုတ်ကြောင်းတို့ကို အများပြည်သူထံ ရှင်းလင်းစွာ ထုတ်ပြန်ကြေညာမည်ဆိုပါက အဆိုပါသီးသန့်အထူးစောင့်ကြည့်လေ့လာမှုများကိုလည်း ဆောင်ရွက်နိုင်သည်။ စောင့်ကြည့်လေ့လာရေးအဖွဲ့အားလုံးသည် ရွေးကောက်ပွဲနေ့အား ၎င်းရွေးကောက်ပွဲကျင်းပသည့် နောက်ခံအခြေအနေကို အခြေခံ၍ ဆန်းစစ်ရန် နှင့် ရွေးကောက်ပွဲနေ့အား စောင့်ကြည့်လေ့လာမှုကို အလွန်အကျွံအသားပေး ဖော်ပြမှု မဖြစ်စေရေးကို တိတိကျကျ အားထုတ်ဆောင်ရွက်ရမည်ဖြစ်သည်။  နိုင်ငံရေးခံယူချက် (သို့) အခြားခံယူချက်၊ လိင်ဖြစ်တည်မှု၊ လူမျိုး၊ အသားအရောင်၊ တိုင်းရင်းသား၊ ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှု၊ နိုင်ငံသားဇာစ်မြစ် (သို့) လူမှုရေးဇာစ်မြစ်၊ ပိုင်ဆိုင်မှုပစ္စည်း၊ ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းဖြစ်မှုများကဲ့သို့ မွေးဖွားမှုအခြေအနေ (သို့) အခြားအခြေအနေအပေါ် အခြေခံ၍ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၌ ပါဝင်ဆောင်ရွက်မှုကို အဟန့်အတားဖြစ်စေသည့် ခွဲခြားဆက်ဆံမှု (သို့) အခြားသော အတားအဆီးများ စသည်တို့အပါအဝင် ဆန္ဒမဲပေးပိုင်ခွင့်၊ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်တို့နှင့်စပ်လျဉ်းသည့် အနေအထားများအား နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမှုတွင် စစ်ဆေးသည်။ နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ၏ တွေ့ရှိချက်များသည် နိုင်ငံရေးယှဉ်ပြိုင်သူများအပါအဝင် ရွေးကောက်ပွဲများနှင့် အကျိုးစီးပွားသက်ဆိုင်သည့်

ပုဂ္ဂိုလ်အားလုံးအတွက် တိကျမှန်ကန်သော ဘုံရည်ညွှန်းကိုးကားချက်ကို ပံ့ပိုးပေးသည်။ ယင်းသည် အငြင်းပွားဖွယ် ရွေးကောက်ပွဲအခင်းအကျင်းများ၌ အထူးတန်ဖိုးရှိပြီး ထိုအခင်းအကျင်းများတွင်သမာသမတ်ကျ၊ တိကျမှန်ကန်သော တွေ့ရှိချက်များက ပဋိပက္ခများ ပေါ်ပေါက်နိုင်ခြေကို လျော့ကျစေရာတွင် အထောက်အကူဖြစ်စေသည်။

၆။ နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်းကို ရွေးကောက်ပွဲများ ကျင်းပသော နိုင်ငံ၏ပြည်သူလူထုနှင့် နိုင်ငံတကာအသိုက်အဝန်းတို့၏ အကျိုးကိုရှေးရှုလျက် ဆောင်ရွက်ပါသည်။ ၎င်းသည် လုပ်ငန်းစဉ်ကို ဦးစားပေးဆောင်ရွက်ခြင်းဖြစ်ပြီး ရွေးကောက်ပွဲရလဒ်တစ်စုံတစ်ရာအား ဂရုပြုခြင်းမရှိဘဲ ရလဒ်များအား မည်မျှရိုးဖြောင့်တိကျစွာနှင့် ပွင့်လင်းမြင်သာစွာ အချိန်မီ ထုတ်ပြန်ကြေညာသနည်းဟူသော အပိုင်းကိုသာ အလေးပေးဆောင်ရွက်ခြင်းဖြစ်သည်။ စောင့်ကြည့်လေ့လာမှုများကို တိကျမှန်ကန်၊ သမာသမတ်ကျစွာ ဆောင်ရွက်ခြင်း နှင့်/သို့မဟုတ် ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ဝိသေသကို တိကျမှန်ကန်၊ သမာသမတ်ကျစွာ သုံးသပ်ခြင်းတို့အား အဟန့်အတားဖြစ်စေမည့် နိုင်ငံရေး (သို့) စီးပွားရေး (သို့) အခြားသော အကျိုးစီးပွားပဋိပက္ခများနှင့် ကင်းလွတ်သူမဟုတ်ပါက နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့၏ အဖွဲ့ဝင်ဖြစ်ခွင့်မပြုသင့်ပါ။ ရွေးကောက်ပွဲနေ့ စောင့်ကြည့်လေ့လာခြင်းတွင်လည်းကောင်း၊ ကာလရှည် (ရွေးကောက်ပွဲမတိုင်မီ နှင့် ရွေးကောက်ပွဲအလွန်ကာလများအပါအဝင်) စောင့်ကြည့်လေ့လာခြင်းတွင်လည်းကောင်း အမှီအခိုကင်း၍ သမာသမတ်ကျသည့် လေ့လာဆန်းစစ်မှုများ ပြုလုပ်ရေးအတွက် မတူညီသည့် စိန်ခေါ်မှုများရှိသည်ဖြစ်ရာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအနေဖြင့် အထက်ပါ စံသတ်မှတ်ချက်များကို ကာလရှည်အတိုင်းအတာတစ်ခုအထိ တိတိကျကျ ကိုက်ညီစေရန် လိုအပ်သည်။ နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များအနေဖြင့် စောင့်ကြည့်လေ့လာရမည့် ရွေးကောက်ပွဲများကျင်းပသည့် နိုင်ငံအစိုးရထံမှ ရန်ပုံငွေအထောက်အပံ့ကိုသော်လည်းကောင်း၊ အခြေခံအဆောက်အအုံဆိုင်ရာ အထောက်အပံ့ကိုသော်လည်းကောင်း လက်ခံလိုက်ပါက အကျိုးစီးပွားပဋိပက္ခ သိသိသာသာ ဖြစ်ပေါ်စေနိုင်ပြီး အဖွဲ့မှ တွေ့ရှိချက်များ၏ ဖြောင့်မတ်မှန်ကန်မှုအပေါ် ယုံကြည်စိတ်ချမှုလျော့ပါးစေနိုင်သည့်အတွက် ၎င်းတို့ကို လက်ခံခြင်းမပြုသင့်ပါ။ နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး ကိုယ်စားလှယ်အဖွဲ့များအနေဖြင့် ကျိုးကြောင်းဆီလျော်စွာ၊ အကြောင်းပြချက်ခိုင်လုံစွာ တောင်းဆိုမှုများ ရှိလာပါက ၎င်းတို့၏ ရန်ပုံငွေရင်းမြစ်များကို ထုတ်ဖော်ကြေညာရန် အသင့်ပြင်ဆင်ထားသင့်ပါသည်။

၇။ နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များအနေဖြင့် ၎င်းတို့၏ တွေ့ရှိချက်များ၊ သုံးသပ်ချက်များနှင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များအား ပိုမိုတိုးတက်ကောင်းမွန်စေနိုင်သော အကြံပြုချက်များပါဝင်သည့် ထုတ်ပြန်ချက်များကို အများပြည်သူထံ (ရွေးကောက်ပွဲအာဏာပိုင်များနှင့် အခြားသင့်လျော်ရာ နိုင်ငံအဆင့်အဖွဲ့အစည်းများထံ မိတ္တူများ ဖြန့်ဝေခြင်းအပါအဝင်) တိကျမှန်ကန်စွာနှင့် သမာသမတ်ကျစွာ အချိန်မီ ပေးအပ်ရမည်။ စောင့်ကြည့်လေ့လာရေး းအဖွဲ့များသည် မိမိတို့အဖွဲ့၏ လုပ်ပိုင်ခွင့်၊ ဖွဲ့စည်းပုံနှင့် သက်တမ်းတို့အပါအဝင် နိုင်ငံတစ်နိုင်ငံအတွင်း ၎င်းတို့၏ လာရောက်လုပ်ငန်းဆောင်ရွက်မှုတို့ကို အများသိစေရန် ထုတ်ပြန်ကြေညာခြင်း၊ ကတိပြုထားသည့်အတိုင်း အခါအားလျော်စွာတင်ပြရသော အစီရင်ခံစာများကို ပြုစုတင်ပြခြင်း၊ ရွေးကောက်ပွဲအလွန် တွေ့ရှိချက်များဆိုင်ရာ ပဏာမထုတ်ပြန်ချက်နှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်အား သုံးသပ်ချက် နောက်ဆုံးအစီရင်ခံစာတို့အား ထုတ်ပြန်ခြင်းတို့ ပြုလုပ်သင့်ပါသည်။ နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များအနေဖြင့် မိမိတို့၏ တွေ့ရှိချက်များ၊ သုံးသပ်ချက်များနှင့် အကြံပြုချက်များအကြောင်းကို သက်ဆိုင်ရာနိုင်ငံအတွင်းရှိ စစ်မှန်သော ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲများအား စီစဉ်ကျင်းပရာ၌ ပါဝင်သက်ဆိုင်သူများနှင့် ဆွေးနွေးရန်အလို့ငှာ သီးသန့်အစည်းအဝေးများလည်း ပြုလုပ်နိုင်ပါသည်။ နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များသည် ၎င်းတို့၏ သက်ဆိုင်ရာ နိုင်ငံတကာအစိုးရအဖွဲ့အစည်းများ (သို့) အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများထံလည်း အစီရင်ခံတင်ပြနိုင်ပါသည်။

၈။ ဤကြေညာစာတမ်းနှင့်တကွ ယင်းနှင့်အတူ ပူးတွဲပါဝင်သော နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ လိုက်နာရမည့် ကျင့်ဝတ်စည်းမျဉ်း၌ အတည်ပြုထောက်ခံချက်ပေးထားသည့် အဖွဲ့အစည်းများသည် နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးတာဝန်များကို ထမ်းဆောင်ရာတွင် အချင်းချင်း ညှိနှိုင်းဆောင်ရွက်ပါမည်ဟု ကတိပြုထားကြသည်။ နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမှုကို ဤသို့အားဖြင့် ဆောင်ရွက်နိုင်သည်။ ဥပမာ နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အဖွဲ့တစ်ဖွဲ့ချင်းအနေဖြင့်လည်းကောင်း၊ နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အထူးပူးတွဲအဖွဲ့များအနေဖြင့်လည်းကောင်း၊ နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး ညှိနှိုင်းအဖွဲ့များအနေဖြင့်လည်းကောင်းဖြစ်သည်။ မည်သို့ပင်ဆောင်ရွက်စေကာမူ နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ၏ ပံ့ပိုးကူညီမှုများကို အကျိုးအများဆုံးဖြစ်စေရန် အတည်ပြုထောက်ခံထားသည့် အဖွဲ့အစည်းများအနေဖြင့် အတူတကွ ဆောင်ရွက်မည်ဖြစ်ကြောင်း ကတိပြုထားကြသည်။

၉။ နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမှုကို ရွေးကောက်ပွဲကျင်းပရာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နိုင်ငံ့ပြည်သူလူထု၏ လူ့အခွင့်အရေးတို့ကို အလေးထားလျက် ဆောင်ရွက်ရမည်။ နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များအနေဖြင့် အိမ်ရှင်နိုင်ငံ၏ ဥပဒေများအပြင် ရွေးကောက်ပွဲအဖွဲ့အစည်းများကဲ့သို့ နိုင်ငံ့အာဏာပိုင်အဖွဲ့များကိုလည်း လေးစားလိုက်နာပြီး မိမိတို့၏ ပြုမူဆောင်ရွက်ချက်များသည် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို အလေးထား၊ မြှင့်တင်ပေးရာရောက်သည့် လုပ်ဆောင်ချက်များ ဖြစ်ရမည်။

၁၀။ နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များသည် အိမ်ရှင်နိုင်ငံ၏ ရွေးကောက်ပွဲအာဏာပိုင်များနှင့် တက်ကြွစွာ ညှိနှိုင်းဆောင်ရွက်ရန် ကြိုးပမ်းရမည်ဖြစ်ပြီး ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို အနှောင့်အယှက်မဖြစ်စေရပါ။

၁၁။ အဖွဲ့အစည်းတစ်ခုခုက နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ကို လုပ်ငန်းဆောင်ရွက်ရန် (သို့) စောင့်ကြည့်လေ့လာရေးအဖွဲ့အား လုပ်ငန်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းကို ရှာဖွေရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းသည် ယင်းအဖွဲ့အစည်းအနေဖြင့် ရွေးကောက်ပွဲများကျင်းပရာနိုင်ငံရှိ ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို ယုံကြည်စိတ်ချရသော လုပ်ငန်းစဉ်အဖြစ် မှတ်ယူသည်ဟု မဆိုနိုင်ပါ။ နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့၏ လာရောက်မှုကို အသုံးပြု၍ ဒီမိုကရေစီနည်းကျမဟုတ်ကြောင်း ထင်ရှားသည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်အား တရားဝင်ဖြစ်ပါသည်ဟု အဓိပ္ပာယ်ကောက်ယူနိုင်ခြေရှိသော အခြေအနေများရှိရာ နိုင်ငံတစ်နိုင်ငံသို့ ယင်းအဖွဲ့ကို စေလွှတ်ခြင်းမပြုသင့်ပါ။ ထို့ပြင် အဆိုပါအခြေအနေများနှင့် ရင်ဆိုင်နေရသော နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့အနေဖြင့် ၎င်းတို့၏ လာရောက်မှုသည် ထိုသို့ တရားဝင်မှုပေးရန် လာရောက်ခြင်းမဟုတ်ကြောင်း အများပြည်သူထံ ထုတ်ပြန်ကြေညာမှုများ ပြုလုပ်သင့်ပါသည်။

၁၂။ နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့အနေဖြင့် ၎င်း၏ လုပ်ငန်းဆောင်တာများကို ထိရောက်စွာနှင့် အများယုံကြည်စိတ်ချနိုင်ဖွယ်ရာ ဆောင်ရွက်နိုင်စေရန်အတွက် အခြေခံသတ်မှတ်ချက်များ ပြည့်မီရပါမည်။ သို့ဖြစ်၍ ရွေးကောက်ပွဲကျင်းပရာ နိုင်ငံသည် အောက်ပါတို့ကို ဆောင်ရွက်ခြင်းမရှိပါက နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးကို မဆောင်ရွက်သင့်ပါ။

(က) စစ်မှန်သော ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲများကို စီစဉ်ကျင်းပရာ၌ အရေးပါသည့် လုပ်ငန်းစဉ်အားလုံးကို စိတ်ဖြာလေ့လာနိုင်စေရန်အတွက် လိုအပ်သော အဖွဲ့အစည်းတစ်ခုချင်းစီ၏ သတ်မှတ်ချက်များနှင့်အညီ နိုင်ငံတကာ

ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များအား လာရောက်ရန် ရွေးကောက်ပွဲများမတိုင်မီ အချိန်လုံလောက်စွာ ကြိုတင်ဖိတ်ကြားခြင်း (သို့) ၎င်းတို့၏ လာရောက်မှုကို လိုလားကြောင်း ပြသခြင်း၊

(ခ) နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များအနေဖြင့် ရွေးကောက်ပွဲတွင် အသုံးပြုသည့် နည်းပညာအားလုံး နှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်အား လျှို့ဝှက်ထားရှိရန်၊ ထုတ်ဖော်ပြောကြားခြင်းမပြုရန် သဘောတူညီချက်များ ပေးရန်မလိုအပ်ဘဲ အီလက်ထရောနစ် နည်းပညာသုံးဆန္ဒမဲပေးခြင်းအား အသိအမှတ်ပြုသည့်ဖြစ်စဉ်အပါအဝင် ရွေးကောက်ပွဲတွင် အသုံးပြုမည့် နည်းပညာအားလုံး နှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်အဆင့်အားလုံးအား အတားအဆီးမရှိ လက်လှမ်းမီသိရှိခွင့် ရရှိရမည်ဖြစ်ပြီး အဆိုပါနည်းပညာများကို လက်သင့်ခံနိုင်ဖွယ်ရာ နည်းပညာများအဖြစ် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များမှ အသိအမှတ်မပြုနိုင်သည့် အခြေအနေဖြစ်နိုင်ကြောင်းကိုလည်းသိရှိနားလည်ထားခြင်း၊

(ဂ) အောက်ပါပုဂ္ဂိုလ်များအပါအဝင် ရွေးကောက်ပွဲလုပ်ငန်းစဉ်များနှင့်သက်ဆိုင်သူအားလုံးကို အတားအဆီးမရှိ တွေ့ဆုံမေးမြန်းခွင့်  ရှိရေးအတွက် အာမခံချက်ပေးခြင်း၊

*(၁)* ကျိုးကြောင်းခိုင်လုံသော တောင်းဆိုချက်များရှိပါက ကော်မရှင်ခွဲအဆင့်ဆင့်ရှိ ရွေးကောက်ပွဲအရာရှိများ

*(၂)* စစ်မှန်သည့်  ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲများ ကျင်းပရေးနှင့် ဆက်စပ်သော လုပ်ငန်းများကို ဆောင်ရွက်နေရသည့် ဥပဒေပြုအမတ်များ၊ အစိုးရနှင့် လုံခြုံရေးအရာရှိများ

*(၃)* အားလုံးသော နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများနှင့် ရွေးကောက်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ရန် ကြိုးပမ်းခဲ့သည့်ပုဂ္ဂိုလ်များ (သတ်မှတ်ချက်ပြည့်မီသူများ၊ သတ်မှတ်ချက်မပြည့်မီသူများနှင့် ပါဝင်ယှဉ်ပြိုင်ရာမှ နုတ်ထွက်ခဲ့ကြသူများအပါအဝင်) နှင့် မဲမပေးသူများ

*(၄)* သတင်းမီဒီယာဝန်ထမ်းများနှင့်

*(၅)* နိုင်ငံအတွင်း စစ်မှန်သော ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲများ အထမြောက်စေရန် စိတ်ပါဝင်စားသည့် အဖွဲ့အစည်းအားလုံးနှင့် ပုဂ္ဂိုလ်အားလုံး

(ဃ) နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ဝင်အားလုံးကို နိုင်ငံအတွင်း လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်ရှိစေရန် အာမခံချက်ပေးခြင်း၊

(င) နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့အား ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ဖြစ်ပေါ်ပြောင်းလဲမှုများအပေါ် ၎င်း၏ တွေ့ရှိချက်များ၊ အကြံပြုချက်များနှင့်စပ်လျဉ်းသည့် အများပြည်သူဆိုင်ရာ ထုတ်ပြန်ကြေညာချက်များနှင့် အစီရင်ခံစာများကို ဝင်ရောက်စွက်ဖက်မှုမရှိဘဲ ထုတ်ပြန်ခွင့်ပြုရန် အာမခံချက်ပေးခြင်း၊

(စ) မည်သည့်အစိုးရအာဏာပိုင် (သို့) လုံခြုံရေးအာဏာပိုင် (သို့) ရွေးကောက်ပွဲအာဏာပိုင်ကမျှ စောင့်ကြည့်လေ့လာမည့်သူ တစ်ဦးချင်းစီ (သို့) နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့၏ အခြားသော အဖွဲ့ဝင်များကို ရွေးချယ်ရာတွင် ဝင်ရောက်စွက်ဖက်မှုမပြုရန်သော်လည်းကောင်း၊ လူအရေအတွက်ကို ကန့်သတ်ရန်ကြိုးပမ်းမှုမပြုရန်သော်လည်းကောင်း အာမခံချက်ပေးခြင်း၊

(ဆ) နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့အနေဖြင့် ၎င်းတို့အား တရားဝင်အသိအမှတ်ပြုရန်အတွက် ရှင်းလင်းစွာ ပြဋ္ဌာန်းထားသော၊ ကျိုးကြောင်းခိုင်လုံသော၊ ခွဲခြားဆက်ဆံမှုကင်းသော သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်သရွေ့ ယင်းအဖွဲ့တွင် စောင့်ကြည့်လေ့လာသူများအဖြစ် ရွေးချယ်ထားသည့် ပုဂ္ဂိုလ်အားလုံး (သို့) ပါဝင်ဆောင်ရွက်သူအားလုံးကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပြည့်အဝ တရားဝင်အသိအမှတ်ပြုရန် (ဆိုလိုသည်မှာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမှုပြုလုပ်ရာတွင် လိုအပ်သည့် သက်သေခံကတ်ပြား (သို့) စာရွက်စာတမ်းများ ထုတ်ပေးခြင်း) အာမခံချက်ပေးခြင်း၊

(ဇ) မည်သည့်အစိုးရအာဏာပိုင် (သို့) လုံခြုံရေးအာဏာပိုင် (သို့) ရွေးကောက်ပွဲအာဏာပိုင်ကမျှ နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့၏ လုပ်ဆောင်ချက်များတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုရန် အာမခံချက်ပေးခြင်းနှင့်

(ဈ) နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအခြေခံမှုများနှင့်အညီ နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့၏ လက်အောက်၌ အလုပ်လုပ်သော (သို့) ၎င်းတို့အား ပံ့ပိုးကူညီသော (သို့) သတင်းအချက်အလက် ပံ့ပိုးပေးသော နိုင်ငံသားများ (သို့) နိုင်ငံခြားသားများကို

မည်သည့်အစိုးရအာဏာပိုင်ကမျှ ဖိအားပေးခြင်းဖြစ်စေ၊ ခြိမ်းခြောက်ခြင်းဖြစ်စေ၊ ရန်တုံ့နှင်းခြင်းဖြစ်စေ မပြုလုပ်ရန် အာမခံချက်ပေးခြင်း။

နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ကို ဖွဲ့စည်းစီစဉ်ရာတွင် ကနဦးလိုအပ်ချက်တစ်ရပ်မှာ နိုင်ငံတကာအစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ဖော်ပြပါအာမခံချက်များကို အစိုးရ နှင့်/သို့မဟုတ် ရွေးကောက်ပွဲအာဏာပိုင်များနှင့် သဘောတူအတည်ပြုထားသည့် နားလည်မှုစာချွန်လွှာတွင်ဖြစ်စေ၊ အလားတူစာချုပ်စာတမ်းများတွင်ဖြစ်စေ ထည့်သွင်းသတ်မှတ်ရန် လိုအပ်နိုင်ပါသည်။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမှုသည် အများပြည်သူဆိုင်ရာ လုပ်ဆောင်ချက်တစ်ခုဖြစ်ပြီး ဆိုးရွားပြင်းထန်သည့် လုံခြုံရေး အန္တရာယ်ဖြစ်နိုင်ခြေရှိသော အခြေအနေများတွင်သော်လည်းကောင်း၊ စောင့်ကြည့်လေ့လာသူများအား ဘေးကင်းလုံခြုံစွာ တာဝန်ချထားနိုင်ရန် ခက်ခဲသော အခြေအနေများတွင်သော်လည်းကောင်း၊ ယုံကြည်စိတ်ချရသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး နည်းစနစ်များ အသုံးချမှုကို အချည်းနှီးဖြစ်စေမည့် အခြေအနေများတွင်သော်လည်းကောင်း ထိုသို့စောင့်ကြည့်လေ့လာခြင်း၏ အသုံးဝင်မှုသည် မေးခွန်းထုတ်ဖွယ်ဖြစ်သည်။

၁၃။ နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များအနေဖြင့် ၎င်းတို့၏ လာရောက်မှုကို အဓိက နိုင်ငံရေးယှဉ်ပြိုင်သူအားလုံး လက်ခံရန် ကြိုးပမ်းသင့်ပြီး ထိုသို့လက်ခံစေရန်လည်း လိုအပ်ကောင်း လိုအပ်နိုင်ပါသည်။

၁၄။ နိုင်ငံရေးပါဝင်ယှဉ်ပြိုင်သူများ (ပါတီများ၊ ကိုယ်စားလှယ်လောင်းများနှင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲများတွင် အဆိုပြုချက်များအား ထောက်ခံအားပေးသူများ) သည် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်နှင့် အစိုးရအဖွဲ့၌ တိုက်ရိုက်ပါဝင်ဆောင်ရွက်ပိုင်ခွင့်မှတဆင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်၌ ကိုယ်ကျိုးမျှော်လင့်ချက်များရှိကြသည်။ သို့ဖြစ်၍ ၎င်းတို့အား ရွေးကောက်ပွဲလုပ်ငန်းစဉ်အားလုံးကို စောင့်ကြည့်စစ်ဆေးခွင့်ပြုပြီး မဲရုံများ၊ မဲရေတွက်သည့်ဌာနများနှင့် အခြားရွေးကောက်ပွဲဆိုင်ရာ အဆောက်အအုံများရှိ အီလက်ထရောနစ်နည်းပညာများနှင့် အခြားရွေးကောက်ပွဲဆိုင်ရာနည်းပညာများ၏ လည်ပတ်မှုအပြင် ဆန္ဒမဲများနှင့် အခြားသော ထိရှလွယ်ပစ္စည်းများအား သယ်ယူပို့ဆောင်မှု အစရှိသည်တို့နှင့်စပ်လျဉ်းသည့် လုပ်ငန်းဆောင်တာများကို စောင့်ကြည့်လေ့လာခွင့်ပြုသင့်ပါသည်။

၁၅။ နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များအနေဖြင့် အောက်ပါတို့ကို ဆောင်ရွက်သင့်သည်။

(က) ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ ဖြောင့်မတ်မှန်ကန်မှုနှင့်စပ်လျဉ်းသော သတင်းအချက်အလက်များ ရှိကောင်းရှိနိုင်သည့် နိုင်ငံရေးပါတီများကိုယ်စားလှယ်များနှင့် ကိုယ်စားလှယ်လောင်းများအပါအဝင် ရွေးကောက်ပွဲလုပ်ငန်းစဉ်ပါ နိုင်ငံရေးယှဉ်ပြိုင်သူအားလုံးနှင့် ဆက်သွယ်မှုများ ပြုလုပ်ခြင်း၊

(ခ) လုပ်ငန်းစဉ်၏ သဘောသဘာဝနှင့်စပ်လျဉ်း၍ ၎င်းတို့ပေးပို့လာသည့် သတင်းအချက်အလက်များကို ကြိုဆိုလက်ခံခြင်း၊

(ဂ) အဆိုပါသတင်းအချက်အလက်များကို အမှီအခိုကင်းစွာနှင့် သမာသမတ်ကျစွာ အကဲဖြတ်သုံးသပ်ခြင်း

(ဃ) နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမှု၏ အရေးကြီးရှုထောင့်တစ်ရပ်အနေဖြင့် နိုင်ငံရေးပါဝင်ယှဉ်ပြိုင်သူများအား ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ အစိတ်အပိုင်းများနှင့် အဆင့်များအားလုံး၏ ဖြောင့်မတ်မှန်ကန်မှုအား အတည်ပြုစစ်ဆေးနိုင်မည့် အခွင့်အလမ်းများကို ခွဲခြားဆက်ဆံမှုကင်းစွာ ပေးအပ်ထားခြင်းရှိမရှိနှင့်စပ်လျဉ်း၍ အကဲဖြတ်သုံးသပ်ခြင်း။ ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ ဖြောင့်မတ်မှန်ကန်မှုကို ကာကွယ်ထိန်းသိမ်းရန်အလို့ငှာ နိုင်ငံရေးယှဉ်ပြိုင်သူများ၏ လုပ်ဆောင်ချက်များကို လွန်ကဲစွာကန့်သတ်ခြင်း (သို့) ဝင်ရောက်စွက်ဖက်ခြင်းတို့ မပြုလုပ်ရန် နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များအနေဖြင့် (ရွေးကောက်ပွဲလုပ်ငန်းစဉ် အဆင့်အမျိုးမျိုး၌ စာဖြင့်ရေးသားထုတ်ပြန်၍ ဖြစ်စေ၊ တင်ပြပြောဆို ၍ဖြစ်စေ ) ၎င်းတို့၏ အကြံပြုချက်များတွင် ဆော်ဩစည်းရုံးသင့်ပါသည်။

၁၆။ နိုင်ငံသားများသည် မိမိတို့နိုင်ငံ၏ အစိုးရဆိုင်ရာနှင့် အများပြည်သူဆိုင်ရာ အရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိပြီး ၎င်းကို နိုင်ငံတကာက အသိအမှတ်ပြုထားသည်။ အဆိုပါအခွင့်အရေးများအား ရွေးကောက်ပွဲလုပ်ငန်းစဉ်အားလုံးကို စောင့်ကြည့်စစ်ဆေးပြီး မဲရုံများ၊ မဲရေတွက်သည့်ဌာနများနှင့် အခြားရွေးကောက်ပွဲဆိုင်ရာ အဆောက်အအုံများရှိ အီလက်ထရောနစ်နည်းပညာများနှင့် အခြားရွေးကောက်ပွဲဆိုင်ရာနည်းပညာများ၏ လည်ပတ်မှုအပြင် ဆန္ဒမဲများနှင့် အခြား ထိရှလွယ်ပစ္စည်းများအား သယ်ယူပို့ဆောင်မှု အစရှိသည်တို့နှင့်စပ်လျဉ်းသော လုပ်ထုံးလုပ်နည်းများကို စောင့်ကြည့်လေ့လာသည့်

အစိုးရမဟုတ်သော အဖွဲ့အစည်းများမှတစ်ဆင့် အသုံးချကောင်း အသုံးချနိုင်ပါသည်။ ပြည်တွင်းရှိ ပါတီစွဲကင်းသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များသည် ကျိုးကြောင်းဆီလျော်မှုမရှိသော ကန့်သတ်ချက်များ (သို့) ဝင်ရောက်စွက်ဖက်မှုများမကြုံရဘဲ ၎င်းတို့၏လုပ်ငန်းဆောင်တာများကို ခွဲခြားဆက်ဆံမှုကင်းစွာ ဆောင်ရွက်နိုင်မှု ရှိ၊မရှိ နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များက အကဲဖြတ်သုံးသပ်ပြီး အစီရင်ခံတင်ပြသင့်ပါသည်။ နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များသည် နိုင်ငံသားများ ပါတီစွဲကင်းသည့် ပြည်တွင်း ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမှုများ ပြုလုပ်ရာတွင် ကျိုးကြောင်းဆီလျော်မှုမရှိသော ကန့်သတ်ခံရခြင်းများ (သို့) ဝင်ရောက်စွက်ဖက်ခံရမှုများမရှိဘဲ ခွဲခြားဆက်ဆံခံရမှုကင်းစွာ ဆောင်ရွက်ပိုင်ခွင့်ရှိစေရေးအတွက် ဆော်သြစည်းရုံးသင့်ပြီး ၎င်းတို့၏ အကြံပြုချက်များ၌ အဆိုပါကျိုးကြောင်းဆီလျော်မှုမရှိသော ကန့်သတ်ချက်များ (သို့) ဝင်ရောက်စွက်ဖက်မှုများကို ဖယ်ရှားရန် ထည့်သွင်းဖော်ပြသင့်ပါသည်။

၁၇။ နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များသည် ယုံကြည်စိတ်ချရသော ပါတီစွဲကင်းသည့် ပြည်တွင်းရှိ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသည့်အဖွဲ့အစည်းများကို ဖော်ထုတ်၍ ၎င်းတို့နှင့် ပုံမှန်ဆက်သွယ်မှုများပြုလုပ်ပြီး သင့်လျော်သလို ညှိနှိုင်းဆောင်ရွက်သင့်ပါသည်။ နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အဖွဲ့များသည် အဆိုပါအဖွဲ့အစည်းများမှ ပေးပို့လာသည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ သဘောသဘာဝအကြောင်း သတင်းအချက်အလက်များကို ကြိုဆိုလက်ခံသင့်ပါသည်။ အဆိုပါအဖွဲ့အစည်းများက ပေးပို့လာသည့် သတင်းအချက်အလက်များကို အမှီအခိုကင်းစွာ အကဲဖြတ်သုံးသပ်သည့်အခါ ၎င်းတို့၏ တွေ့ရှိချက်များသည် နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ တွေ့ရှိချက်များကို ပိုမိုအရေးပါပြည့်စုံစေနိုင်ပါသည်။ သို့သော်လည်း နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များအနေဖြင့် အမှီအခိုကင်းစွာ ဆက်လက်တည်ရှိနေရမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များသည် ထုတ်ပြန်ကြေညာမှုများ မပြုလုပ်မီ အဆိုပါအဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးရန် သင့်လျော်သည့် ကြိုးပမ်းအားထုတ်မှုများ ပြုလုပ်သင့်ပါသည်။

၁၈။ ဤကြေညာစာတမ်းတွင် အတည်ပြုထောက်ခံချက်ပေးထားသည့် နိုင်ငံတကာအစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် စစ်မှန်သော ဒီမိုကရေစီနည်းကျ

ရွေးကောက်ပွဲများဆိုင်ရာ စံချိန်စံညွှန်းများ၊ အခြေခံမူများနှင့် ကတိကဝတ်များ ချမှတ်ရေးဆွဲရာ၌ တိုးတက်မှုအမြောက်အများရရှိစေရန် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း အသိအမှတ်ပြုပါသည်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၏ ဝိသေသကို စောင့်ကြည့်လေ့လာမှုများ၊ ဝေဖန်ဆန်းစစ်မှုများ၊ သုံးသပ်မှုများ ပြုလုပ်ရာတွင် အဆိုပါအခြေခံမူများနှင့်စပ်လျဉ်း၍ ထုတ်ပြန်ကြေညာရန် ကတိကဝတ်ပြုကြပြီး ၎င်းတို့အသုံးပြုသည့် အခြေခံမူများနှင့် စောင့်ကြည့်လေ့လာရေးနည်းစနစ်များအား ပွင့်လင်းမြင်သာမှုရှိစေပါမည်ဟု ကတိပြုပါသည်။

၁၉။ ဤကြေညာစာတမ်းတွင် အတည်ပြုထောက်ခံချက်ပေးထားသည့် နိုင်ငံတကာအစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို စောင့်ကြည့်လေ့လာရာတွင် ယုံကြည်စိတ်ချရသော နည်းစနစ်အမျိုးမျိုးရှိကြောင်း အသိအမှတ်ပြု၍ ချဉ်းကပ်နည်းများမျှဝေရေးနှင့် နည်းစနစ်များ သဟဇာတဖြစ်စေရန် သင့်လျော်သလို အသုံးပြုရေးတို့အတွက် ကတိကဝတ်ထား ဆောင်ရွက်ကြပါသည်။ ထို့ပြင် နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များသည်  နိုင်ငံတစ်နိုင်ငံ၏ ရွေးကောက်ပွဲလုပ်ငန်းစဉ်ဝိသေသများကို အမှီအခိုကင်းစွာနှင့် သမာသမတ်ကျစွာ စိစစ်ဆုံးဖြတ်နိုင်ရန်အတွက် ၎င်းတို့တွင် အဖွဲ့ဝင်အရေအတွက် အလုံအလောက် ရှိရမည်ဖြစ်ကြောင်းနှင့် စောင့်ကြည့်လေ့လာမှုပြုလုပ်ရာ၌ ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ သတ်မှတ်အစိတ်အပိုင်းများကိုသာ သီးသန့်လေ့လာ၍ မှတ်ချက်ပြုရန် ရည်ရွယ်ခြင်းမဟုတ်ပါက ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲနေ့ နှင့် ရွေးကောက်ပွဲနှောင်းပိုင်းကာလရှိ ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်ခုလုံးတွင် အခရာကျသည့် အစိတ်အပိုင်းများအားလုံး၏ ဝိသေသများကို စိစစ်အကဲဖြတ်နိုင်ရန်အတွက် ၎င်းတို့တွင် အချိန်အလုံအလောက် ရရှိရမည်ဖြစ်ကြောင်းကိုလည်း အသိအမှတ်ပြုထားကြပါသည်။  ထို့ပြင် ရွေးကောက်ပွဲနေ့စောင့်ကြည့်လေ့လာမှုများကိုသာ သီးခြားဆောင်ရွက်ခြင်း (သို့) ရွေးကောက်ပွဲနေ့စောင့်ကြည့်လေ့လာမှုအား အလွန်အကျွံအလေးပေးဖော်ပြမှု မပြုလုပ်ရကြောင်းနှင့် အဆိုပါစောင့်ကြည့်လေ့လာမှုများသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်ခုလုံး၏ နောက်ခံအခြေအနေပေါ် အခြေခံဆောင်ရွက်ရမည် ဖြစ်ကြောင်းတို့ကိုလည်း အသိအမှတ်ပြုပါသည်။

၂၀။ ဤကြေညာစာတမ်း၌ အတည်ပြုထောက်ခံချက်ပေးထားသည့် နိုင်ငံတကာအစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များတွင် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊

ချမှတ်ထားသော ရွေးကောက်ပွဲအခြေခံမူများအပေါ် ကျွမ်းကျင်ပိုင်နိုင်မှု၊ နိုင်ငံတကာလူ့အခွင့်အရေးများ၊ နှိုင်းယှဉ်လေ့လာနိုင်သော ရွေးကောက်ပွဲဥပဒေနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အလေ့အထများ (ကွန်ပျူတာနှင့် ရွေးကောက်ပွဲဆိုင်ရာ အခြားနည်းပညာတို့ အပါအဝင်)၊ နှိုင်းယှဉ်လေ့လာနိုင်သော နိုင်ငံရေးလုပ်ငန်းစဉ်များ၊ နိုင်ငံအလိုက် သိမှတ်ဖွယ်အချက်များ စသည်တို့ကို ထည့်သွင်းစဉ်းစား၍ လုပ်ငန်းစဉ်များကို ကျွမ်းကျင်ပိုင်နိုင်စွာ စောင့်ကြည့်လေ့လာ၊ အကဲဖြတ်ရန်အလို့ငှာ အတန်အသင့် ကွဲပြားစုံလင်သည့် နိုင်ငံရေးနှင့် ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများ ပိုင်ဆိုင်ထားပြီး ဖြောင့်မတ်မှန်ကန်မှုရှိသည်ဟု ကျော်စောသော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းသင့်ကြောင်း အသိအမှတ်ပြုသည်။ အဆိုပါ အတည်ပြုထောက်ခံချက်ပေးထားသည့် အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များအတွင်း ပါဝင်ဆောင်ရွက်သူများနှင့် ခေါင်းဆောင်ပိုင်းတို့၏ ပေါင်းစပ်ဖွဲ့စည်းပုံတွင် ဂျန်ဒါကွဲပြားစုံလင်မှု မျှမျှတတရှိခြင်းအပြင် ယင်းအဖွဲ့များအတွင်း နိုင်ငံသားများ ကွဲပြားစုံလင်မှုရှိခြင်းတို့၏ အရေးပါမှုကိုလည်း အသိအမှတ်ပြုသည်။

၂၁။ ဤကြေညာစာတမ်း၌ အတည်ပြုထောက်ခံချက်ပေးထားသည့် နိုင်ငံတကာအစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများသည် အောက်ပါအချက်များကို ကတိကဝတ်ပြုကြသည်။

(က) နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များတွင် ပါဝင်ဆောင်ရွက်သူအားလုံးကို အကဲဖြတ်မှုများနှင့် သုံးသပ်မှုများ ပြုလုပ်ရာ၌ သတင်းအချက်အလက် တိကျမှန်ကန်မှုနှင့် နိုင်ငံရေးအရ သမာသမတ်ကျမှုရှိစေရေး အခြေခံမူများနှင့် အကျွမ်းတဝင်ရှိစေခြင်း၊

(ခ) အဖွဲ့၏ ရည်ရွယ်ချက်များအကြောင်း ရှင်းလင်းထားသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များ (သို့) အလားတူစာရွက်စာတမ်းကို ပံ့ပိုးပေးခြင်း၊

(ဂ) စောင့်ကြည့်လေ့လာသူများ၏ လုံခြုံရေး၊ ကာယစိတ္တသုခနှင့် ပြည့်စုံရေးနှင့် သက်ဆိုင်သောအချက်အလက်များအပါအဝင် သက်ဆိုင်ရာ နိုင်ငံ့ဥပဒေများ၊ စည်းမျဉ်းများ၊ အထွေထွေနိုင်ငံရေးရပ်ဝန်း နှင့် အခြား အရေးကိစ္စများနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များကို အသိပေးပြောပြခြင်း၊

(ဃ) ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့တွင် ပါဝင်ဆောင်ရွက်သူအားလုံးကို အသုံးချဆောင်ရွက်မည့် နည်းစနစ်များနှင့်စပ်လျဉ်း၍ ညွှန်ကြားချက်များပေးခြင်းနှင့်

(င) ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့တွင် ပါဝင်ဆောင်ရွက်သူအားလုံးကို ဤကြေညာစာတမ်း၌ ပူးတွဲပါဝင်ပြီး အဖွဲ့အစည်း၏ သတ်မှတ်ချက်များနှင့်ကိုက်ညီစေရန်အတွက် အနှစ်သာရကို အနည်းငယ်မျှ ပြောင်းလဲခြင်းမရှိဘဲ ပြင်ဆင်မွမ်းမံမှု ပြုလုပ်ထားနိုင်သည့် နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ လိုက်နာရမည့်ကျင့်ဝတ်စည်းမျဉ်းအား ဖတ်ရှုပြီး လိုက်နာဆောင်ရွက်ရန် ကတိပြုစေခြင်း (သို့) ပူးတွဲပါကျင့်ဝတ်စည်းမျဉ်းနှင့် အနှစ်သာရအားဖြင့် တူညီသော အဖွဲ့အစည်းအတွင်း ရှိနှင့်ပြီးဖြစ်သည့် ကျင့်ဝတ်စည်းမျဉ်းများအတိုင်း လိုက်နာဆောင်ရွက်ရန် ကတိပြုစေခြင်း။

၂၂။ ဤကြေညာစာတမ်း၌ အတည်ပြုထောက်ခံချက်ပေးထားသည့် နိုင်ငံတကာအစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ဤကြေညာစာတမ်းနှင့်တကွ ပူးတွဲပါ နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ လိုက်နာရမည့် ကျင့်ဝတ်စည်းမျဉ်းကို အစဉ်အမြဲလိုက်နာဆောင်ရွက်စေရန် ကတိကဝတ်ပြု၍ ကြိုးပမ်းအားထုတ်ရမည်။ အတည်ပြုထောက်ခံထားသော အဖွဲ့အစည်းတစ်ရပ်ရပ်က ကြေညာစာတမ်း၏ အနှစ်သာရနှင့်အညီ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမှုကို ဆောင်ရွက်ရန်အတွက် ကြေညာစာတမ်း (သို့) ပူးတွဲပါကျင့်ဝတ်စည်းမျဉ်းတွင် ဖော်ပြထားသည့် သတ်မှတ်ချက်များမှ ခွဲထွက်ရန် လိုအပ်သည်ဟု ယူဆသည့်အချိန်တွင် ယင်းအဖွဲ့အစည်းအနေဖြင့် အများပြည်သူသို့ ထုတ်ပြန်ကြေညာချက်များဖြင့် ဖြေရှင်းလိမ့်မည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ရသော အကြောင်းရင်းနှင့်စပ်လျဉ်း၍ အခြားအတည်ပြုထောက်ခံထားသည့် အဖွဲ့အစည်းများမှ မေးမြန်းလာသော သင့်လျော်ရာ မေးခွန်းများကို ဖြေကြားရန် အသင့်ပြင်ဆင်ထားရမည်ဖြစ်သည်။

၂၃။ အတည်ပြုထောက်ခံချက်ပေးထားသည့် အဖွဲ့အစည်းများသည် အစိုးရများက အခြားနိုင်ငံများတွင် ပြုလုပ်သည့် ရွေးကောက်ပွဲများထံ စောင့်ကြည့်လေ့လာရေးကိုယ်စားလှယ်အဖွဲ့များ စေလွှတ်ခြင်းနှင့် အခြားသူများကလည်း ရွေးကောက်ပွဲများအား စောင့်ကြည့်လေ့လာခြင်းတို့ကို သိရှိနားလည်ပါသည်။ အတည်ပြုထောက်ခံချက်ပေးထားသည့် အဖွဲ့အစည်းများအနေဖြင့် ဤကြေညာစာတမ်းကို လိုအပ်ချက်အရ သဘောတူအတည်ပြုပြီး ပူးတွဲပါ နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ လိုက်နာရမည့် ကျင့်ဝတ်အတိုင်း လိုက်နာဆောင်ရွက်သော အဆိုပါစောင့်ကြည့်လေ့လာသူများကို လက်ခံကြိုဆိုပါသည်။

၂၄။ ဤကြေညာစာတမ်းနှင့်တကွ ယင်းနှင့်အတူ ပူးတွဲပါဝင်သော နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ လိုက်နာရမည့် ကျင့်ဝတ်စည်းမျဉ်းကို အတည်ပြုထောက်ခံချက်ပေးထားသည့် အဖွဲ့အစည်းများ၏ နိုင်ငံရေးအဖွဲ့များ (ဥပမာ လွှတ်တော်များ (သို့) ကောင်စီများ (သို့) ဒါရိုက်တာဘုတ်အဖွဲ့များ) အနေဖြင့် မဖြစ်မနေ အရေးယူဆောင်ရွက်ရန် မလိုအပ်သော လုပ်ထုံးလုပ်နည်းဆိုင်ရာ စာတမ်းများအဖြစ် ရည်ရွယ်သော်လည်း ထိုသို့အရေးယူဆောင်ရွက်မှုများကို လက်ခံကြိုဆိုပါသည်။ အခြားသော နိုင်ငံတကာအစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ဤကြေညာစာတမ်းနှင့်တကွ ယင်းနှင့်အတူ ပူးတွဲပါဝင်သော နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ လိုက်နာရမည့် ကျင့်ဝတ်စည်းမျဉ်းများကို အတည်ပြုထောက်ခံချက်ပေးရန် လမ်းဖွင့်ထားပါသည်။ အတည်ပြုထောက်ခံချက်ပေးခြင်းအား ကုလသမဂ္ဂရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေးဌာန၌ ဆောင်ရွက်နိုင်ပါသည်။

# ရွေးကောက်ပွဲစောင့်ကြည့် လေ့လာသူများ လိုက်နာရမည့် ကျင့်ဝတ်စည်းမျဉ်း

နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမှုကို ကမ္ဘာတစ်ဝန်း၌ ကျယ်ပြန့်စွာ အသိအမှတ်ပြုလက်ခံထားကြပါသည်။ ၎င်းကို နိုင်ငံတကာအစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များက ရွေးကောက်ပွဲကျင်းပရာ နိုင်ငံ့လူထု၏ အကျိုးစီးပွားနှင့် နိုင်ငံတကာအသိုက်အဝန်း၏ အကျိုးစီးပွားတို့ကို ရှေးရှု၍ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၏ သဘောသဘာဝကို တိကျမှန်ကန်၊ သမာသမတ်ကျစွာ အကဲဖြတ်ရန် ရည်ရွယ်လျက် ဆောင်ရွက်ပါသည်။ သို့ဖြစ်၍ ၎င်းသည် ဖြောင့်မတ်မှန်ကန်သော နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမှုဖြစ်စေရေးအပေါ် များစွာမူတည်ပါသည်။ ကာလရှည်နှင့် ကာလတို စောင့်ကြည့်လေ့လာသူများ၊ အကဲဖြတ်သုံးသပ်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ အထူးစောင့်ကြည့်လေ့လာရေးအဖွဲ့များနှင့် အဖွဲ့ခေါင်းဆောင်များ အပါအဝင် နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့တွင် ပါဝင်သူအားလုံးအနေဖြင့် ဤကျင့်ဝတ်ကို လက်ခံလိုက်နာရပါမည်။

## အချုပ်အခြာအာဏာနှင့် နိုင်ငံတကာ လူ့အခွင့်အရေးတို့ကို လေးစားမှုရှိပါ

ရွေးကောက်ပွဲများသည် နိုင်ငံ့ပြည်သူလူထုက ပိုင်ဆိုင်သော အချုပ်အခြာအာဏာ၏ ပြယုဂ်ဖြစ်ပြီး ပြည်သူလူထုက လွတ်လပ်စွာ ထုတ်ဖော်ထားသော သဘောဆန္ဒသည် အစိုးရ၏ အခွင့်အာဏာနှင့် တရားဝင်ဖြစ်မှုတို့၏ အခြေခံအုတ်မြစ်ပင် ဖြစ်သည်။ ကာလအပိုင်းအခြားအလိုက်ကျင်းပသော စစ်မှန်သည့် ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲများတွင် နိုင်ငံသားများ၏ ဆန္ဒမဲပေးခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်တို့ ရှိစေရေးသည် နိုင်ငံတကာမှ အသိအမှတ်ပြုထားသော လူ့အခွင့်အရေးများ ဖြစ်ကြပြီး အခြေခံအခွင့်အရေးများနှင့် လွတ်လပ်ခွင့်တို့ကို ကျင့်သုံးရန် လိုအပ်သည်။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် အိမ်ရှင်နိုင်ငံ၏ အချုပ်အခြာအာဏာအပြင် ပြည်သူလူထု၏ လူ့အခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်များကို လေးစားမှုရှိရမည်ဖြစ်သည်။

## နိုင်ငံ့ဥပဒေများနှင့် ရွေးကောက်ပွဲဆိုင်ရာ အဖွဲ့အစည်းများ၏ လုပ်ပိုင်ခွင့်အာဏာတို့ကို လေးစားမှုရှိပါ

စောင့်ကြည့်လေ့လာသူများသည် အိမ်ရှင်နိုင်ငံ၏ ဥပဒေများနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို စီမံခန့်ခွဲရန် တာဝန်ရှိသည့် အဖွဲ့အစည်းများ၏ လုပ်ပိုင်ခွင့်အာဏာတို့ကို လေးစားမှုရှိရပါမည်။ စောင့်ကြည့်လေ့လာသူများသည် နိုင်ငံ၏ အစိုးရဆိုင်ရာ၊ လုံခြုံရေးဆိုင်ရာနှင့် ရွေးကောက်ပွဲဆိုင်ရာ အာဏာပိုင်များ၏  တရားဝင်ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရပါမည်။ စောင့်ကြည့်လေ့လာသူများသည် ရွေးကောက်ပွဲအရာရှိများနှင့် အခြားနိုင်ငံ့အာဏာပိုင်များကိုလည်း လေးစားမှုရှိစွာ ဆက်ဆံရပါမည်။ စောင့်ကြည့်လေ့လာသူများသည် ဥပဒေအရသော်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ အကျုံးဝင်သော နိုင်ငံတကာသဘောတူစာချုပ်များအရသော်လည်းကောင်း အာမခံထားသည့် ရွေးကောက်ပွဲအခွင့်အရေးများကျင့်သုံးခြင်းအား ဥပဒေများကဖြစ်စေ၊ စည်းမျဉ်းများကဖြစ်စေ၊ နိုင်ငံ နှင့်/သို့မဟုတ် ရွေးကောက်ပွဲအရာရှိများ၏လုပ်ဆောင်ချက်များကဖြစ်စေ အနှောင့်အယှက်၊ အဟန့်အတားဖြစ်စေခြင်း ရှိမရှိ မှတ်သားထားရမည်။

## နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့၏ ဖြောင့်မတ်မှန်ကန်မှုကို လေးစားမှုရှိပါ

စောင့်ကြည့်လေ့လာသူများသည် နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့၏ ဖြောင့်မတ်မှန်ကန်မှုကို လေးစားပြီး ကာကွယ်ထိန်းသိမ်းရပါမည်။ ၎င်းတွင် ဤကျင့်ဝတ်စည်းမျဉ်း၊ ညွှန်ကြားချက်စာတမ်းများ (သတ်မှတ်တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ ညွှန်ကြားချက်များနှင့် လမ်းညွှန်ချက်များ စသည်) နှင့် စောင့်ကြည့်လေ့လာရေးအဖွဲ့၏ ဦးဆောင်မှုမှ ပေးအပ်လာသော နှုတ်ဖြင့်ညွှန်ကြားချက်များကို လိုက်နာခြင်းများ ပါဝင်သည်။ စောင့်ကြည့်လေ့လာသူများသည် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့က

တက်ရောက်ရန် သတ်မှတ်ထားသော အသေးစိတ်ရှင်းလင်းညွှန်ကြားသည့် အစည်းအဝေးများ၊ သင်တန်းများနှင့် ပြန်လည်အစီရင်ခံတင်ပြရသည့်ပွဲအားလုံးကို တက်ရောက်ရမည်၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့က ညွှန်ကြားထားသော ရွေးကောက်ပွဲဥပဒေ၊ စည်းမျဉ်းများ၊ အခြားသက်ဆိုင်ရာ ဥပဒေများနှင့် အကျွမ်းတဝင်ရှိပြီး စောင့်ကြည့်လေ့လာရေးအဖွဲ့က အသုံးပြုသည့် နည်းစနစ်များကို ဂရုတစိုက် လိုက်နာရမည်ဖြစ်သည်။ စောင့်ကြည့်လေ့လာသူများသည် ၎င်းတို့တွင် ရှိကောင်းရှိနိုင်သည့် အကျိုးစီးပွားပဋိပက္ခများအကြောင်းနှင့် ၎င်းတို့၏ အဖွဲ့တွင်ပါဝင်သော အခြား စောင့်ကြည့်လေ့လာသူများ ကျူးလွန်သည့် မရိုးသားသော အပြုအမူများအကြောင်းကို စောင့်ကြည့်လေ့လာရေးအဖွဲ့၏ ခေါင်းဆောင်ပိုင်းထံ အစီရင်ခံတင်ပြရပါမည်။

## နိုင်ငံရေးအရ သမာသမတ်ကျမှုကို အချိန်တိုင်း တင်းကျပ်စွာ ကာကွယ်ထိန်းသိမ်းပါ

စောင့်ကြည့်လေ့လာသူများသည် နိုင်ငံရေးအရ သမာသမတ်ကျမှုကို အိမ်ရှင်နိုင်ငံအတွင်း အားလပ်ချိန်အပါအဝင် အချိန်တိုင်း တင်းကျပ်စွာ ကာကွယ်ထိန်းသိမ်းရပါမည်။ ၎င်းတို့အနေဖြင့် နိုင်ငံ့အာဏာပိုင်များ၊ နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများ၊ ဆန္ဒခံယူပွဲအရေးကိစ္စများတို့၌ဖြစ်စေ၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ အငြင်းပွားဖွယ် အရေးကိစ္စများတွင်ဖြစ်စေ ဘက်လိုက်ခြင်း၊ ဘက်တစ်ခုခုကို မျက်နှာသာပေးခြင်းတို့ကို  မဖော်ထုတ် (သို့) မပြသရပါ။ စောင့်ကြည့်လေ့လာသူများသည် ပါတီစွဲရှိမှုကို ပြသသော သင်္ကေတများ၊ အရောင်များ၊ နဖူးစည်းစာတန်းများ ဝတ်ဆင်ခြင်း (သို့) ပြသခြင်း (သို့) နိုင်ငံရေးယှဉ်ပြိုင်သူများထံမှ တန်ဖိုးရှိပစ္စည်းတစ်ခုခုကို လက်ခံခြင်းကဲ့သို့ အိမ်ရှင်နိုင်ငံအတွင်းရှိ နိုင်ငံရေးယှဉ်ပြိုင်သူများအပေါ် မျက်နှာသာပေးကြောင်း (သို့) ပါတီစွဲရှိကြောင်း ကျိုးကြောင်းဆီလျော်စွာ ယူဆရနိုင်သည့် လုပ်ဆောင်ချက်များကိုလည်း ဆောင်ရွက်ခြင်းမပြုရပါ။

## ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို အနှောင့်အယှက်မဖြစ်စေရပါ

စောင့်ကြည့်လေ့လာသူများသည် ရွေးကောက်ပွဲအကြိုလုပ်ငန်းစဉ်များ၊ ဆန္ဒမဲပေးမှု၊ မဲရေတွက်မှု၊ မဲရလဒ်များကို တွက်ချက်မှုနှင့် ရွေးကောက်ပွဲနေ့နောက်ပိုင်း ပေါ်ပေါက်သည့် ဖြစ်စဉ်များ အစရှိသည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ပါဝင်သည့် မည်သည့် အစိတ်အပိုင်းကိုမဆိုကို အနှောင့်အယှက်မဖြစ်စေရပါ။ စောင့်ကြည့်လေ့လာသူများသည် ဥပဒေအရ တားမြစ်ထားခြင်းမရှိပါက မှုမမှန်မှုများ (သို့) လိမ်လည်မှု (သို့) သိသာထင်ရှားသည့်ပြဿနာများအကြောင်းကို ရွေးကောက်ပွဲအရာရှိများထံ ချက်ချင်း အသိပေးနိုင်ပြီး ထိုသို့အသိပေးခြင်းကို အနှောင့်အယှက်မဖြစ်စေဘဲ ပြုလုပ်ရမည်။ စောင့်ကြည့်လေ့လာသူများသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်အား အနှောင့်အယှက်မဖြစ်စေသရွေ့ ရွေးကောက်ပွဲအရာရှိများ၊ နိုင်ငံရေးပါတီကိုယ်စားလှယ်များနှင့် မဲရုံအတွင်းရှိ အခြားသော စောင့်ကြည့်လေ့လာသူများကို မေးခွန်းများမေးမြန်းနိုင်ပြီး ၎င်းတို့၏ လုပ်ဆောင်ချက်များနှင့်စပ်လျဉ်း၍ မေးမြန်းမှုများကိုလည်း

ဖြေဆိုရနိုင်ပါသည်။ မေးမြန်းမှုများကို ဖြေဆိုရာ၌ စောင့်ကြည့်လေ့လာသူများသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ ညွှန်ကြားချက်ပေးရန် ကြိုးပမ်းခြင်းမပြုသင့်ပါ။ စောင့်ကြည့်လေ့လာသူများအနေဖြင့် ဆန္ဒမဲပေးသူများကို မေးခွန်းမေးမြန်းနိုင်သော်လည်း မည်သူ့ကို (သို့) မည်သည့်ပါတီကို (သို့) ဆန္ဒခံယူပွဲတွင် မည်သည့်ရပ်တည်ချက်မှ မဲပေးခဲ့ကြောင်း မေးမြန်းခြင်း မပြုရပါ။

**သက်ဆိုင်ရာ သက်သေခံကတ်ပြား ပြသပါ**

စောင့်ကြည့်လေ့လာသူများသည် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့က ပေးထားသော သက်သေခံကတ်ပြားနှင့် နိုင်ငံ့အာဏာပိုင်များ သတ်မှတ်ထားသည့် သက်သေခံကတ်ပြားတို့ကို မြင်သာအောင် ပြသထားရမည်ဖြစ်ပြီး ရွေးကောက်ပွဲအရာရှိများနှင့် အခြား သက်ဆိုင်သော နိုင်ငံ့အာဏာပိုင်များက တောင်းဆိုလာသည့်အခါ ၎င်းတို့ကို ပြသရပါမည်။

**စောင့်ကြည့်လေ့လာမှုများ ပြုလုပ်ရာတွင် တိကျမှန်ကန်မှုရှိပြီး သုံးသပ်မှုများပြုလုပ်ရာတွင် ပညာရှင်ပီသမှုရှိပါ**

စောင့်ကြည့်လေ့လာသူများအနေဖြင့် ၎င်းတို့၏ စောင့်ကြည့်လေ့လာမှုအားလုံးကို တိကျမှန်ကန်မှုရှိစေရန်ဆောင်ရွက်ရပါမည်။ စောင့်ကြည့်လေ့လာမှုများ ပြုလုပ်ရာတွင် အပြုသဘောဆောင်သည့်အချက်များနှင့် အပြုသဘောမဆောင်သည့်အချက်များကို မှတ်သားခြင်း၊ အရေးပါသည့်အချက်များနှင့် အရေးတယူထည့်သွင်းစဉ်းစားရန်မလိုသည့်အချက်များကို ခွဲခြားသိရှိခြင်းနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ ဖြောင့်မတ်မှန်ကန်မှုအပေါ် သိသိသာသာ သက်ရောက်နိုင်သည့် ဖြစ်ရပ်ပုံစံများကို ဖော်ထုတ်ခြင်းတို့ဖြင့် ကျယ်ပြန့်ပြည့်စုံမှုရှိစေရမည်။ စောင့်ကြည့်လေ့လာသူများအနေဖြင့် ဓမ္မဓိဋ္ဌာန်ကျသော အထောက်အထားများနှင့် ဓမ္မဓိဋ္ဌာန်မကျသော အကြောင်းအချက်များကို ခွဲခြားစစ်ထုတ်လျက် သတင်းအချက်အလက် တိကျမှန်ကန်မှုနှင့် စိတ်ဖြာလေ့လာချက် သမာသမတ်ကျမှုတို့ ရှိစေရန်အတွက် အမြင့်မားဆုံး စံချိန်စံညွှန်းများကို အခြေခံ၍ သုံးသပ်မှုများ ပြုလုပ်ရမည်ဖြစ်သည်။ စောင့်ကြည့်လေ့လာသူများ၏ သုံးသပ်ချက်အားလုံးကို မှန်ကန်ကြောင်းအတည်ပြုနိုင်သော အချက်အလက်အခြေပြု အထောက်အထားအပေါ် အခြေခံဆောင်ရွက်ရမည်ဖြစ်ပြီး အချိန်မတန်သေးဘဲ သုံးသပ်ခြင်း မပြုလုပ်ရပါ။ စောင့်ကြည့်လေ့လာသူများသည် ၎င်းတို့ စောင့်ကြည့်လေ့လာခဲ့သည့် နေရာ၊ ပြုလုပ်ခဲ့သော စောင့်ကြည့်လေ့လာမှုများနှင့် အခြားသက်ဆိုင်ရာ အချက်အလက်များကို ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့၏ သတ်မှတ်ချက်များနှင့်အညီ ကောင်းစွာ မှတ်တမ်းတင်ထားရမည်ဖြစ်ပြီး ယင်းစာရွက်စာတမ်းများကို အဖွဲ့ထံ အပ်နှံရပါမည်။

**အဖွဲ့က မထုတ်ပြန်မီ ပြည်သူလူထုထံဖြစ်စေ၊ မီဒီယာထံဖြစ်စေ ထင်မြင်ချက်ပေးခြင်းမှ ရှောင်ကြဉ်ပါ**

ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့၏ ခေါင်းဆောင်ပိုင်းက တစ်နည်းနည်းဖြင့် အထူးညွှန်ကြားထားခြင်းမရှိပါက အဖွဲ့မှ ထုတ်ပြန်ကြေညာခြင်းမပြုမီ မိမိတစ်ဦးတည်းအမြင်ဖြင့် အဖွဲ့၏စောင့်ကြည့်လေ့လာမှုများနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊သုံးသပ်မှုများ နှင့်စပ်လျဉ်း၍သော်လည်းကောင်း သတင်းမီဒီယာများထံဖြစ်စေ၊ ပြည်သူလူထုထံဖြစ်စေ ထင်မြင်ချက်ပေးခြင်းမှ ရှောင်ကြဉ်ရမည်။ စောင့်ကြည့်လေ့လာသူများသည် စောင့်ကြည့်လေ့လာရေးအဖွဲ့က ရှင်းလင်းပြောကြားရန် သင့်လျော်သည်ဟု ယူဆထားသော ၎င်းတို့အဖွဲ့၏ သဘောသဘာဝ၊ လုပ်ဆောင်ချက်များနှင့် အခြားအမှုကိစ္စများအကြောင်း ရှင်းလင်းပြောကြားနိုင်ပြီး မီဒီယာ (သို့) အခြားသက်ဆိုင်ရာပုဂ္ဂိုလ်များအား စောင့်ကြည့်လေ့လာရေးအဖွဲ့က သတ်မှတ်ထားသည့် ပုဂ္ဂိုလ်များထံ ညွှန်းပို့သင့်ပါသည်။

**အခြားသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများနှင့် ပူးပေါင်းဆောင်ရွက်ပါ**

စောင့်ကြည့်လေ့လာသူများသည် ပြည်တွင်းပြည်ပမှ အခြားသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များအကြောင်းကိုလည်း သိရှိရမည်ဖြစ်ပြီး ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့၏ခေါင်းဆောင်မှုမှ ညွှန်ကြားထားသည့်အတိုင်း ၎င်းတို့နှင့် ပူးပေါင်းဆောင်ရွက်ရပါမည်။

**လျော်ကန်မှုရှိသော တစ်ကိုယ်ရေအပြုအမူများဖြင့် ကျင့်သုံးနေထိုင်ပါ**

စောင့်ကြည့်လေ့လာသူများအနေဖြင့် အိမ်ရှင်နိုင်ငံ၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို သတိထားဆင်ခြင်ခြင်းအပါအဝင် လျော်ကန်မှုရှိသော တစ်ကိုယ်ရေအပြုအမူများကိုကျင့်သုံးနေထိုင်ခြင်း၊ အခြားသူများအပေါ် လေးစားမှုရှိခြင်း၊ ပုဂ္ဂိုလ်ရေးအရ ပြောဆိုဆက်ဆံမှုများပြုလုပ်ရာတွင် ကျိုးကြောင်းခိုင်လုံစွာ သုံးသပ်ခြင်းနှင့် အဆင့်မြင့်ဆုံးစံနှုန်းများအတိုင်း ပညာရှင်ပီသသော အပြုအမူများကို အားလပ်ချိန်အပါအဝင် အချိန်တိုင်းတွင် ထိန်းသိမ်း ရပါမည်။

**ဤကျင့်ဝတ်စည်းမျဉ်းအားချိုးဖောက်မှုများ**

ဤကျင့်ဝတ်စည်းမျဉ်းအား ချိုးဖောက်သည့် ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာခဲ့သည်ရှိသော် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့အနေဖြင့် အဆိုပါအမှုကိစ္စနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှု ပြုလုပ်ရမည်ဖြစ်သည်။ ဆိုးရွားသော ကျင့်ဝတ်ချိုးဖောက်မှုကို စစ်ဆေးတွေ့ရှိပါက သက်ဆိုင်ရာ စောင့်ကြည့်လေ့လာသူသည် ၎င်း၏ စောင့်ကြည့်လေ့လာသူ အသိအမှတ်ပြုလွှာ ရုပ်သိမ်းခံရခြင်း (သို့) ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့မှ ထုတ်ပယ်ခံရခြင်းတို့ ရှိနိုင်ပါသည်။ အဆိုပါအရေးယူဆောင်ရွက်မှုများနှင့်စပ်လျဉ်းသည့် လုပ်ပိုင်ခွင့်သည် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့၏ ခေါင်းဆောင်ပိုင်းတွင်သာ လုံးလုံးလျားလျား တည်ရှိပါသည်။

**ဤကျင့်ဝတ်နှင့်အညီ လိုက်နာဆောင်ရွက်ရန် ကတိပြုခြင်း**

ဤရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့တွင် ပါဝင်ဆောင်ရွက်သူတိုင်းသည် ဤကျင့်ဝတ်စည်းမျဉ်းကို ဖတ်ရှု၊ နားလည်သိရှိရမည်ဖြစ်ပြီး ၎င်းတို့နှင့်အညီ လိုက်နာဆောင်ရွက်ရန် ကတိပြုလက်မှတ်ရေးထိုးရပါမည်။

# ပူးတွဲပါ နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ လိုက်နာရမည့် ကျင့်ဝတ်စည်းမျဉ်းကို လိုက်နာဆောင်ရွက်ရန် ကတိပြုချက်

ကျွန်ုပ်သည် နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့က ပေးအပ်ခဲ့သော ***ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ လိုက်နာရမည့် ကျင့်ဝတ်စည်းမျဉ်းကို ဖတ်ရှု၍ နားလည်သိရှိပြီးဖြစ်ပါသည်***။ ကျွန်ုပ်အနေဖြင့် ကျင့်ဝတ်နှင့်အညီ လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူတစ်ဦးအနေဖြင့် ကျွန်ုပ်၏ လုပ်ဆောင်ချက်အားလုံးကို ယင်းကျင့်ဝတ်နှင့် အပြည့်အဝ ကိုက်ညီစွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိပြုပါသည်။ ကျွန်ုပ်တွင် သမာသမတ်ကျသော

ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူဖြစ်နိုင်စွမ်းနှင့် ကျင့်ဝတ်အား လိုက်နာဆောင်ရွက်နိုင်စွမ်းတို့ကို အဟန့်အတားဖြစ်စေမည့် အကျိုးစီးပွား၊ နိုင်ငံရေး၊ စီးပွားရေး ပဋိပက္ခများ (သို့) အခြားသော ပဋိပက္ခများမရှိပါ။

***ကျွန်ုပ်သည် နိုင်ငံရေးအရ သမာသမတ်ကျမှုကို အချိန်တိုင်း တင်းကျပ်စွာ ကာကွယ်ထိန်းသိမ်းသွားမည်ဖြစ်သည်။*** ***ကျွန်ုပ်သည်*** ဓမ္မဓိဋ္ဌာန်ကျသော အထောက်အထားများနှင့် ဓမ္မဓိဋ္ဌာန်မကျသော အကြောင်းအချက်များကို ခွဲခြားစစ်ထုတ်လျက် သတင်းအချက်အလက် တိကျမှန်ကန်မှုနှင့် စိတ်ဖြာလေ့လာချက် သမာသမတ်ကျမှုတို့ ရှိစေရန်အတွက် အမြင့်မားဆုံး စံချိန်စံညွှန်းများကို ***အခြေခံ၍ သုံးသပ်မှုများ ပြုလုပ်မည်ဖြစ်ပြီး*** ကျွန်ုပ်၏ သုံးသပ်ချက်အားလုံးကို မှန်ကန်ကြောင်းအတည်ပြုနိုင်သည့် အချက်အလက်အခြေပြု အထောက်အထားအပေါ် အခြေခံဆောင်ရွက်ပါမည်။

***ကျွန်ုပ်သည် ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို အနှောင့်အယှက်ဖြစ်စေမည်မဟုတ်ပါ။ ကျွန်ုပ်သည် နိုင်ငံ့ဥပဒေများနှင့်*** *ရွေးကောက်ပွဲအရာရှိများ၏* ***လုပ်ပိုင်ခွင့်အာဏာတို့အပေါ် လေးစားမှုရှိမည်*** ဖြစ်ပြီး ရွေးကောက်ပွဲဆိုင်ရာ အာဏာပိုင်များနှင့် အခြားသော နိုင်ငံ့အာဏာပိုင်များအား လေးစားမှုရှိစွာ ဆက်ဆံပါမည်။ ကျွန်ုပ်သည် နိုင်ငံ့ပြည်သူလူထု၏ လူ့အခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်များကို အလေးထား မြှင့်တင်ပါမည်။ ကျွန်ုပ်သည် အိမ်ရှင်နိုင်ငံ၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို သတိထားဆင်ခြင်ခြင်းအပါအဝင် လျော်ကန်မှုရှိသော တစ်ကိုယ်ရေအပြုအမူများကို ကျင့်သုံးနေထိုင်ခြင်း၊ အခြားသူများအပေါ် လေးစားမှုရှိခြင်း၊ ပုဂ္ဂိုလ်ရေးအရ ပြောဆိုဆက်ဆံမှုများပြုလုပ်ရာတွင် ကျိုးကြောင်းခိုင်လုံစွာ သုံးသပ်ခြင်းနှင့် အဆင့်မြင့်ဆုံးစံနှုန်းများအတိုင်း ပညာရှင်ပီသသော အပြုအမူများကို အားလပ်ချိန်အပါအဝင် အချိန်တိုင်းတွင် ထိန်းသိမ်းပါမည်။

***ကျွန်ုပ်သည် နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့၏ ဖြောင့်မတ်မှန်ကန်မှုကို ကာကွယ်ထိန်းသိမ်းသွားမည်ဖြစ်ပြီး*** စောင့်ကြည့်လေ့လာရေးအဖွဲ့၏ ညွှန်ကြားချက်များကို ***လိုက်နာပါမည်။*** ကျွန်ုပ်သည် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့က တက်ရောက်ရန် သတ်မှတ်ထားသော အသေးစိတ်ရှင်းလင်းညွှန်ကြားသည့် အစည်းအဝေးများ၊ သင်တန်းများနှင့် ပြန်လည်အစီရင်ခံတင်ပြရသည့်ပွဲအားလုံးကို တက်ရောက်မည်ဖြစ်ပြီး ထုတ်ပြန်ကြေညာချက်များနှင့် အစီရင်ခံစာများကို ရေးဆွဲထုတ်ပြန်ရာတွင် လိုအပ်သလို ပူးပေါင်းဆောင်ရွက်သွားပါမည်။ ကျွန်ုပ်သည် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့၏ ဦးဆောင်မှုမှ တစ်နည်းနည်းဖြင့် အထူးညွှန်ကြားထားခြင်းမရှိပါက ယင်းအဖွဲ့မှ ထုတ်ပြန်ကြေညာခြင်းမပြုမီ မိမိတစ်ဦးတည်းအမြင်ဖြင့် သတင်းမီဒီယာများထံဖြစ်စေ၊

ပြည်သူလူထုထံဖြစ်စေ ထင်မြင်ချက်ပေးခြင်း (သို့) စောင့်ကြည့်လေ့လာခြင်း (သို့) သုံးသပ်မှုများ ပြုလုပ်ခြင်းကို ရှောင်ကြဉ်ပါမည်။

လက်မှတ် ____________________________________

အမည်အပြည့်အစုံ ____________________________

ရက်စွဲ ________________________________________

## ကျေးဇူးတင်လွှာ

နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အခြေခံမူများဆိုင်ရာ ကြေညာစာတမ်းနှင့် နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ လိုက်နာရမည့်ကျင့်ဝတ်စည်းမျဉ်းကို ကမ္ဘာတစ်ဝန်းရှိ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးကို စိတ်ဝင်စားသော နိုင်ငံတကာအစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းပေါင်း ၂၀ ကျော်က ကာလရှည် လုပ်ငန်းစဉ်တစ်ခုအဖြစ် ပါဝင်ရေးဆွဲခဲ့ကြပါသည်။

ယင်းလုပ်ငန်းစဉ်ကို ၂၀၀၁ ခုနှစ်တွင် အမျိုးသားဒီမိုကရက်တစ်အင်စတီကျူ (NDI)၏ နိုင်ငံတကာအရေးကိစ္စများဆိုင်ရာအဖွဲ့၊ ကုလသမဂ္ဂရွေးကောက်ပွဲဆိုင်ရာ ကူညီပံ့ပိုးရေးဌာန (UNEAD) တို့၏ ပဏာမခြေလှမ်းအဖြစ် အလွတ်သဘော စတင်ခဲ့ပြီး အဆိုပါလုပ်ငန်းစဉ်တွင် OAS နှင့် NDI တို့ ပူးတွဲကျင်းပသော နယူးယောက်မြို့၊ ကုလသမဂ္ဂရှိ ကနဦးအစည်းအဝေးတစ်ခုနှင့် ဝါရှင်တန်မြို့ရှိ အစည်းအဝေးတစ်ခုတို့ ပါဝင်ပါသည်။

ယင်းအခြေခံအုတ်မြစ်ကို အခြေပြု၍ UNEAD၊ ကာတာစင်တာနှင့် NDI တို့က ၂၀၀၃ ခုနှစ် အောက်တိုဘာလ၊ အတ္တလန်တာမြို့၊ ကာတာစင်တာတွင် ကျင်းပသော အစည်းအဝေးပွဲ၌ ပူးတွဲအတွင်းရေးမှူးရုံးကို ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းစဉ်၏ တရားဝင်အဆင့်အား စတင်မိတ်ဆက်ဆောင်ရွက်ခဲ့ကြပါသည်။ ထို့နောက် ၂၀၀၄ ခုနှစ် စက်တင်ဘာလတွင် ဥရောပကော်မရှင်က ဘရပ်ဆဲလ်မြို့တွင် အစည်းအဝေးတစ်ခုကို ကြီးမှူးကျင်းပခဲ့သည်။ ပါဝင်ဆောင်ရွက်သည့် အဖွဲ့အစည်းများအကြား စဉ်ဆက်မပြတ် တိုင်ပင်ဆွေးနွေးရေးလုပ်ငန်းစဉ်ကို

လုပ်ဆောင်ခဲ့ကြပြီး ယင်းမှတစ်ဆင့် ၂၀၀၅ ခုနှစ် ဇူလိုင်လမှစတင်ရရှိသော အဖွဲ့အစည်းဆိုင်ရာ အတည်ပြုထောက်ခံချက်များနှင့်စပ်လျဉ်းသည့် သဘောတူညီမှု စာရွက်စာတမ်းတစ်ခု ထွက်ပေါ်စေခဲ့ပါသည်။

အတွင်းရေးမှူးရုံးတွင် UNEAD မှ Carina Perelli နှင့် Sean Dunne၊ ကာတာစင်တာမှ David Carroll၊ David Pottie နှင့် Avery Davis-Roberts၊ NDI မှ Patrick Merloe နှင့် Linda Patterson တို့ ဖွဲ့စည်းပါဝင်သည်။ အတွင်းရေးမှူးရုံးအဖွဲ့ဝင်များသည် ဦးဆောင်မူကြမ်းရေးဆွဲသူ Mr.Merloe နှင့်အတူ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမှုတွင် ပါဝင်ခဲ့သော အဖွဲ့အစည်းများထံမှ မြောက်မြားစွာသော စာတမ်းများကို အခြေခံ၍ ဤကြေညာစာတမ်းမူကြမ်းကို ရေးဆွဲခဲ့ပါသည်။ ဤသို့ ရေးဆွဲနေစဉ်အတွင်း ပါဝင်ဆောင်ရွက်သော အဖွဲ့အစည်းများစွာထံမှ အလွန်အရေးပါသည့် အကြံဉာဏ်များနှင့် မှတ်ချက်များကို လက်ခံရရှိခဲ့ပါသည်။

*ယင်းလုပ်ငန်းစဉ်အား ကုလသမဂ္ဂ၊ အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ (USAID)၊ ဥရောပကော်မရှင်၊ ဂျာမနီနိုင်ငံနှင့် စတားဖောင်ဒေးရှင်း (Starr Foundation)တို့အပြင် တစ်ဦးချင်းကူညီပံ့ပိုးသူအချို့မှ ဘဏ္ဍာရေးကူညီပံ့ပိုးမှုများ ပြုလုပ်ခဲ့ကြသည်။*